မြို့ဟောင်းကျေးရွာ
ရေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြို့ဟောင်းကျေးရွာ၊ ရေးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊

မာတိကာ

မာတိကာ

စကားချီး

မြို့ဟောင်းကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့်

လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဇွန်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြို့ဟောင်းကျေးရွာ

ရေးမြို့နယ်

မြို့ဟောင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ



အပိုင်း (က)

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင် ရေးမြို့နယ် ဒူးယားကျေးရွာအုပ်စု တွင် တည်ရှိပါသည်။ ကျေးရွာသည် ရေးမြို့အနောက်တောင်ဘက် နေရာဖြစ် သည်။ ကျေးရွာတွင်မွန်၊ဗမာစသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်လျှက်ရှိရာ ဗမာလူမျိုးအများစု နေထိုင်ကြသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှု ရှိပါသည်။ နှစ်စဉ်မိုးရေချိန်လက်မ(.)ခန့် ရရှိပါသည်။စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၁၀၀)ဧက ရှိပါသည်။ သဘာဝပေါက်ပင်များမှာ သီဟိုဠ်ပင်၊ ဝါပင်၊ ရော်ဘာပင်၊ ကွမ်းပင်များလည်း ရှိပါသည်။ ကျေးရွာ၏ ဘေးပတ်ပတ်လည်တွင်ရှိသော ပင်လယ်တွင်ငါးမျိုးပေါင်းများစွာ လည်းရှိပါသည်။ငါးမျိုးသုံးခြင်းမှကာကွယ်ရန်အတွက် ကျေးရွာရှိ အုပ်ချုပ်ပိုင်များမှ ရွာဘေးတွင် တည်ရှိသောပင်လယ်ကို မိုးရာသီတွင် ငါးဖမ်းခြင်းကိုခတ္တခဏ တားမြစ် ထားပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ မြစိမ်းရောင်ရန်ပုံငွေအဖွဲ့၊ ကြီးကြပ်မှု ကော်မတီအဖွဲ့အပြင်ယခုအခါကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ကိုပါ ဖွဲ့စည်းထား ပါသည်။အဖွဲ့အစည်းအားလုံးသည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံး လုပ်ဆောင်နေကြ ပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင် နေကြပါသည်။ ရွာသူ ရွာသားများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးအား ကျေးဇူးအထူးတင်ရှိနေကြ ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် လယ်မြေ(၁၀၀)ဧကရှိသော ရှိကြ ပါသည်။ အဓိကအားဖြင့် စပါးကိုသာ အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ရေလုပ်ငန်းများသာ လုပ်ကိုင် နေကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေးနှင့်တွင်းရေကိုသာ အဓိကထား စိုက်ပျိုး လုပ်ကိုင်ကြပြီး ကျေးရွာ၏ ဝင်ငွေရလုပ်ငန်းမှာ ငါးဖမ်းလုပ်ငန်း ဖြစ်သဖြင့် အခြားသော ဝင်ငွေရ လုပ်ငန်းများလည်းရှိပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးမှာလည်း နည်းပါးပါသည်။ ကျေးရွာအတွင်း စိုက်ပျိုးပင်များမှာ သီဟိုဠ်ပင် အများစုဖြစ်ပါသည်။ ရာဘာနှင့် ကွမ်းသီးပင်များလည်း စိုက်ပျိုးကြသည်။ နှစ်စဉ်မိုးရေချိန် လုံလောက်စွာ ရရှိသောကြောင့် ရာဘာနှင့် ကွမ်းသီးပင်များကို နှစ်ရှည်ပင်အဖြစ် စိုက်ပျိုးကြပါသည်။ ရာဘာထုတ်လုပ်မှုမှာ တစ်နှစ်လုံးတွင် (၆)လခန့်သာ ထုတ်နိုင်ပါသည်။ ရာဘာမျိုးများမှာ ယခင်ကအရိုင်းမျိုးသာ စိုက်ပျိုးခဲ့ကြပြီး ယခုအခါ မျိုးကောင်းမျိုးသန့် ကိုင်းကူးကိုင်းဆက်ပင်များ အစားထိုး စိုက်ပျိုးလာကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာအတွင်း ကျွဲမွေးမြူထားသည့်အိမ်ထောင်စု(၁)စုရှိပြီး ကျွဲကောင်ရေ (၄)ကောင်၊ ဝက်မွေးသည့် အိမ်ထောင်စု(၂)စုရှိပြီး ဝက်ကောင်ရေ(၃)ကောင်၊ ကြက်မွေးမြူ သည့်အိမ်ထောင်စု(၁၈)စုရှိပြီး ကြက်ကောင်ရေ(၇၅)ကောင်၊ ဘဲမွေးမြူသည့် အိမ်ထောင်စု (၅)စုရှိပြီး ဘဲကောင်ရေ(၂၇)ကောင်နှင့် မိသားစုတစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေ ကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း၊ ဝန်ဆောင် မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာနှင့် ပတ်သက်သည့်အတွေ့အကြုံ၊ အသိပညာများ အားနည်းကြသည်ကိုလည်း တွေ့ရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် စျေးဆိုင်များ၊ လက်သမား၊ ပန်းရံနှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်နေသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကျေးရွာတွင် ရာသီအလိုက် အလုပ်အဆက်မပြတ်ရှိနေသဖြင့် မိသားစုများအတွက် လုံလောက်သော ဝင်ငွေ ရရှိပါသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားသက်မွေးဝမ်းကြောင်း လုပ်ငန်းများ လုပ်ကိုင်နေကြသော မိသားစုများသည် အသက်မွေးဝမ်းကြောင်းနည်းပညာနှင့် အသေးစား၊ အလတ်စားစီးပွားရေး တိုးတက်မှုဆိုင်ရာမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်သူများလဲ များပြား လာကာ **လူဦး**ရေများလည်း နည်းပါးလာပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာတွင် ကျေးရွာသူကျေးရွာသားများအနေဖြင့် အတိုး နှုန်းနည်းပါးပြီး ဆွေမျိုးများမှချေးငွေသက်တမ်းရှည်သော ရရှိသောကြောင့် မိသားစု စားဝတ်နေရေး ပိုမိုအဆင်ပြေစေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်း လုပ်ငန်းများ လုပ်ကိုင် နေသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင်မော်တော်ဆိုင်ကယ်(၂၄)စီးနှင့် ကား(၂)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက်အသုံးပြုနေကြပါသည်။

ကျေးရွာ၏ လမ်းမကြီးသည် မြေသားလမ်းဖြစ်သောကြောင့် ပွင့်လင်းရာသီတွင် ရွာသူရွာသားများ အလွယ်တကူသွားလာနိုင်သော်လည်း မိုးရာသီတွင် ရွံ့ဗွက်များဖြစ်ပြီး လမ်းချော်နေသောကြောင့် သွားလာရန်ခက်ခဲပါသည်။ အုပ်ချုပ်ရေးအဖွဲ့မှခေါင်းဆောင်များ ရပ်မိရပ်ဖများ၊ ဖွံ့ဖြိုးရေးကော်မတီ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့များမှ **ဦး**ဆောင်၍ ကျေးရွာတွင် ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူကာ မိုတွင်းပိုင်းတွင် လမ်းကိုသွားလာရလွယ်ကူနိုင်အောင် ပြုပြင်ဆောင်ရွက်လျှက် ရှိပါသည်။ မိုးတွင်းကာလတွင် လမ်းများပေါ်သို့ရေကျော်ပြီး ဗွက်များ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ကြုံတွေ့ရသောအခါ ကျေးရွာသူ ကျေးရွာသားများမှ ကျောက်များ၊ သဲများ**ဖို့**ခြင်းဖြင့်

မိမိတို့ကျေးရွာသာယာရေး အတွက် တတ်နိုင်သလောက် တာဝန်ကျပွန်စွာ ထမ်းဆောင်ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမရှိသည့်အတွက် ဒီဇယ်အင်ဂျင်အသုံးပြုနေသည့် အိမ်ထောင်စု (၁၅၇)စုရှိပြီး၊ အခြားလျှပ်စစ်မီးလုံးဝ အသုံးမပြုနိုင်သေးသော အိမ်ထောင်စုမရှိပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅၅) လုံး၊ ရေဒီယို(၂)လုံး၊ တီဗီ(၁၁)လုံး စသည်တို့မှရရှိသော်လည်း အမ်ပီတီတာဝါတိုင်တစ်တိုင် ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများလည်း အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်းရှိသည့်အတွက် ပညာသင်ကြားရာ တွင်လည်း အခက်အခဲရှိပါသည်။အထက်တန်းပညာကို အစင်ကျေးရွာတွင် သွားရောက်သင်ယူကြပါသည်။ ကျေးရွာတွင်အများစုမှာ အခြေခံ အရေးအဖတ်သာ တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရများလည်း နည်းသောကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် ကျေးရွာတွင် ခြံလုပ်ငန်းနှင့်ရေလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ဆေးရုံ၊ ဆေးခန်းများမရှိသည့်အတွက် အရေးပေါ်လူနာများ၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် အချိန်မှီကုသနိုင်ရန်အတွက် အစင်ကျေးရွာတွင် ကျန်းမားရေးဌာနသို့သွားရောက်ရပါသည်။ နှစ်စဉ်မိုးရာသီတွင် ရွာသူရွာသားများ ကလေးများသည် နှာစီး၊ ချောင်းဆိုး အအေးမိသော်လည်း တွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည့်အခြေအနေရှိခဲ့သော်လည်း ကုသမှုခံယူရန်အတွက် ကျေးရွာတွင် ဆေးရုံ၊ ဆေးခန်းမရှိသောကြောင့် ဆေးမီးတိုနှင့် ကုသရပါသည်။ ယခုအခါ ငှက်ဖျားရောဂါဖြစ်ပွားမှုများပြားသော်လည်း ကျန်းမာရေးအစီအစဉ်များ ဆောင်ရွက် ပေးခြင်း၊ ဆေးခြင်ထောင်ပေးဝေခြင်း၊ ငှက်ဖျားဆေးတိုက်ကျွေးခြင်းများမရှိခြင်းကြောင့်

ရောဂါဖြစ်ပွားရာတွင်လည်း မကာကွယ်နိုင်ပါ။ အရေးပေါ်အခြေအနေများတွင် နီးစပ်ရာ ကျန်းမာရေးဆေးပေးခန်းများမရှိသဖြင့် ရေးမြို့ရှိပြည်သူ့ဆေးရုံတွင် လာရောက်ကုသမှုခံယူရပါသည်။

ကျေးရွာတွင်သောက်သုံးရေးများကို ရေတွင်းမှရရှိလာသောရေကို အဓိကထား၍ အသုံးပြုကြရသည်။ ယခုအခါ ရေများရှားပါးလာခြင်းကြောင့် သောက်သုံးရေအတွက် ပိုမို ခက်ခဲလာပါသည်။ ရွာသူရွာသားများသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက စိမ့်စမ်းရေတမျိုးကိုသာ အသုံးပြုခဲ့ကြရသည်။ နွေရာသီတွင် ရေအလုံ အလောက်မရှိသဖြင့် ရေအခက်အခဲကို များစွာရင်ဆိုင်နေရပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့်အိမ်ထောင်စု များပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ကျေးရွာတွင် ကျောက်တုံးကြီးများနှင့်သဲများကို အလွယ်တကူ ရနိုင်ပါသည်။ ကျေးရွာအတွင်း အဆောက်အဦးများ တည်ဆောက်နိုင်ရန်အတွက် အသုံးပြုရန်လွယ်ကူစွာ ရရှိပါသည်။ တိရစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ကြက်၊ ဝက်၊ တုပ်ကွေးရောဂါများ အနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား/မဆိုင်ရာ သာတူညီမျှ အခွင့်အရေးရှိသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အမျိုးသားနှင့်အမျိုးသမီး ပူးပေါင်းဦးဆောင်ကာ အတူတကွ ပါဝင်ဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာ၏သာရေး၊ နာရေး၊ လူမှုရေး၊ စီးပွားရေး အဖက်ဖက်မှလည်း အမျိုးသား/သမီး အတူတကွ ကြိုးစားဆောင်ရွက်လျှက် ရှိပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရား ဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ဒေသကျေးရွာအုပ်စု		မြို့ဟောင်းကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်	အဆိုပြုလုပ်ငန်းစဉ်များ
၁။	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။
၂။	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဌာနခွဲ	ကျေးလက်ကျန်းမာရေးဆေးပေးခန်းဌာနခွဲတည်ဆောက်ခြင်း။
၃။	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာတောင်ပိုင်းလမ်းကွန်ကရစ်ခင်းခြင်း

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၃	၁၀	၂၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၆	၃၅	၆၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၄	၅၀	၉၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၀	၆၄	၁၁၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၀	၁၁၀	၂၁၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၆၂	၅၈	၁၂၅
စုစုပေါင်း		**၃၀၀**	**၃၂၃**	**၆၂၃**
စုစုပေါင်း အိမ်ထောင်စု		**၁၅၃**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အိမ်ထောင်စု(၁၅၃)စု၊ လူဦးရေ(၆၂၃)ဦး ရှိပါသည်။ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ်(၁.၅၈%)၊ မူလတန်းကျောင်းသားအရွယ်(၉.၆၅%)၊ အလယ်တန်းကျောင်းသားအရွယ်(၉.၁၁%)၊ အလုပ်လုပ် နိုင်သည့်အရွယ်(၆၅%)၊ သက်ကြီးရွယ်ကြီးအရွယ်(၅%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ် နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏(၃၀.၀%) ရှိပြီးအလုပ်လုပ်နိုင် သည့်အရွယ်ကျား (၁၀၀)ဦး၊ မ(၁၁၀) ဦးစုစုပေါင်း(၂၁၀) ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏ (၆၅)%ရှိပါသည်။ထို့ ကြောင့်ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်း များအဖြစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့မှုပေးနိုင်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေးကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၁၀၀	ညံ့	မရ	မိုးရေ
ယာမြေ				
ဥယျာဉ်ခြံမြေ	၆၂	သင့်	အနည်းအကျဉ်း	မိုးရေ
အိမ်ခြံဝင်းစိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၁၆၂	သင့်/ညံ့	မရ/အနည်းအကျဉ်း	မိုးရေ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-
ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် လယ်မြေ(၁၀၀) ဧကနှင့် ဥယျာဉ်ခြံမြေ (၆၂) ဧက ရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့် ရှိပါသည်။ လယ်ယာမြေများကို မပြုပြင်နိုင်ခြင်း မျိုးကောင်းမျိုးသန့်များ မရှိခြင်း ကြွက်များဖျက်ဆီးခြင်း ယာမြေတွင်လည်း ရာဘာများကို အရည်အသွေးပြည့်မှီစွာ မပြုလုပ်နိုင်ခြင်းကြောင့် ဈေးကောင်းမရရှိခြင်း။ ရေအရင်းအမြစ်ရရှိမှုမှာခက်ခဲသောကြောင့်မိုးရေတို့မှ ရေရရှိပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဧယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	လက်လှမ်းမမှီ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
အပင်မျိုးစိတ်များ (လူ့တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	**နည်း**	**ခက်**
ပျမ်းမျှအပူချိန် - ၃၈ C	**ပျမ်းမျှမိုးရေချိန်- ၈၀ လက်မ**	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင်ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
၁	ရပ်မိရပ်ဖ	၁√ ၂□ ၃√	ပညာရေး √ ငွေကြေး √ ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး √ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး √	ကျေးရွာတွင် အဓိကကျသည့် အဖွဲ့ဖြစ်ပြီး သမာသမတ်ကျ၍ ဩဇာရှိသောအဖွဲ့ဖြစ်သည်။ ရပ်ရွာအကျိုးကို တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်သော အဖွဲ့ဖြစ်သည်။
၂	လူငယ်အဖွဲ့	၁□ ၂ √ ၃□	ပညာရေး √ ငွေကြေး √ ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး √ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး √	ကျေးရွာတွင်ဘာသာရေးပွဲများ အလှူပွဲများပျော်ပွဲရွှင်ပွဲများတွင် ပွဲဖြစ်မြောက်အောင်ပါဝင်ကူညီရသော အဖွဲ့ဖြစ်သည်။
၃	လုံခြုံရေး	၁□ ၂□ ၃√	ပညာရေး √ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး √	ကျေးရွာတွင်အဓိကကျသောအဖွဲ့အစည်း လည်းဖြစ်ပြီးအချိန်အခါမရွေး ပါဝင်ကူညီပေးသော အဖွဲ့အစည်းလည်း ဖြစ်ပါသည်။
၄	လယ်သမား	၁√ ၂□ ၃□	ပညာရေး □ ငွေကြေး □	လယ်ယာလုပ်ငန်းတွင်တက်ကြွစွာ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
			ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး √ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ပါဝင် လုပ်ကိုင်ကြသောအဖွဲ့အစည်း ဖြစ်ကည်။
၅	အမျိုးသမီး	၁□ ၂√ ၃ □	ပညာရေး √ ငွေကြေး √ ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာတွင်ငွေကြေးအားဖြင့်၊ပ ညာရေးအားဖြင့်၊ပါဝင်ကူညီကြပြီး၊ အဖွဲ့အစည်းတစ်ခုတွင် တက်ကြွစွာ ပါဝင်ကူညီကြသည်။
၆		၁□ ၂ □ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၇		၁□ ၂□ ၃□	ပညာရေး □ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာ၏ အုပ်ချုပ်မှု မရှိသော်လည်း ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များ အားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။အမျိုးသမီးရေးရာနှင့်လူငယ်အဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာတွင်းပညာရေး ကျန်းမာရေး၊ငွေကြေးကိစ္စများအားလိုက်ပါဆောင်ရွက်ပေးကြပါသည်။ကျေးရွာတွင်အမျိုးသမီး အဖွဲ့များလည်း ပါဝင်ဖွဲ့စည်းထားပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂.၅ကေ အထက်	၅ကေမှ၁၂.၅ကေ ကြား	၂.၅ကေမှ၅ကေ ကြား	၂.၅ကေအောက်နှင့် မြေယာမဲ့
အိမ်အခြေအနေ	တိုက်၊ပျဉ်ကတိုး	ပျဉ်ထောင်အိမ်	သစ်ခင်း၊ထရံကာအိမ်	ဝါးအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ထွန်းစက် (လက်တွန်း)	ဆိုင်ကယ်၊ထွန်စက် (လက်တွန်း)	ဆိုင်ကယ်/စက်ဘီး	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	ခြံစိုက်	ဈေးဆိုင်	ရော်ဘာခြစ်/ ကွမ်းသီးခူး	ကျပန်း
အိမ်ထောင်စု	၂၀	၆၀	၃၀	၄၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာ ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုများသည်စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။အလွန်မပြေလည်သောအိမ်ထောင်စုများသည် ရာဘာခြစ်၊ ကွမ်းသီးခူးစသည့်ရာသီလိုက်ကြုံရာကျပန်းလုပ်ငန်းများဖြင့်အသက်မွေးလုပ်ငန်းလုပ် ကြသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၉၉	၆၃.၀၅%	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်(၁ ဟတ် တာထိ)	၈	၅.၀၉%	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ)	၁၅	၉.၅၅%	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား	၁၈	၁၁.၄၆%	အလယ်အလတ်စားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
	(၅ဟတ်တာထိ)			
၅	၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်)	၁၇	၁၀.၈၃%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၅၇	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား။ ။ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုများနေပြီးနေ့စားကျပန်းနှင့်အလုပ်လုပ်ကိုင်နေကြပါသည်။၁၂.၅ကေအထက်ပိုင်ဆိုင် သည့် တောင်သူကြီးဦးရေနည်းပါးပြီး တောင်သူလတ်အရေအတွက် ပိုများပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျ	
စပါး	၁၆၉	တင်း	၁၀	၂၅	၂၀	အကျိုးအမြတ်ရရှိမှုနည်းပြီးရေလုံလောက်စွာ မရရှိသောကြောင့်ပျက်စီးရှုံးမှုများသည်။
ရာဘာ	၃၃၃.၉၅	ပေါင်	၆	၁၅	၁၀	ရော်ဘာစျေးနှုန်းမကောင်းသဖြင့်အကျိုးအမြတ်နည်းသည်။
ကွမ်းသီး	၆၂.၅၀	ပိဿာ	၃၀၀	၄၀၀	၃၅၀	စျေးနှုန်းအတက်အကျပေါ်မူတည်ပြီး အကျိုး အမြတ် ရရှိသည်။
ဓနိတော	၄၃.၁၀	ပျစ်	၁၅၀၀	၂၅၀၀	၂၀၀၀	စျေးနှုန်းအတက်အကျပေါ်မူတည်ပြီး အကျိုး အမြတ် ရရှိသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ဥယျာဉ်ခြံတွင် ရာဘာကို အဓိကထားစိုက်ပျိုးသော ကျေးရွာဖြစ်ပါသည်။ရာဘာထုတ်ကုန်မှာလည်းကုန်ဈေးနှုန်းကျဆင်းမှုပေါ်မူတည်ပြီးအကျိုးအမြတ်ရရှိမှုပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၄	၅၁
သိုး		
ဝက်	၄၅	၂၁၈
ကြက်	၆၇	၁၀၀၃
ဘဲ	၆	၆၇
နွားနောက်		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	၅၀	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ဆိတ်၊ဝက်၊ကြက်၊ဘဲမွေးမြူရေးတို့ကို တစ်ပိုင်တစ်နိုင်သာမွေးမြူကြပါသည်။ပင်လယ်၊ မြစ်များနှင့် နီးသောကြောင့် ကမ်းလွန်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	**လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)**	**လုပ်ငန်း အရေအတွက်**	**ဝန်ထမ်း / အလုပ်သမား အရေအတွက်**	**မိသားစု ဝင် လုပ်အား**	**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်**
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း	၃	၁၀/၃၀/၅		
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၅	၃၅/၄၅	၄	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁	၆		လတ်
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၆		၁၀	လတ်
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	၁	၁		လတ်
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး	၁	၃	၄	လတ်
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				

၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၃၅				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီး ပြည်ပထွက်အလုပ်လုပ်ကိုင်သူများများပြားလျက်ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	မြသီတာဈေး(ရေးမြို့)	မော်လမြိုင်ဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် √ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် √
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး√ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား √ သုံးဘီးဆိုင်ကယ် √ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား √ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ဈေးမရရှိသဖြင့်ရေးမြို့(မြသီတာ)ဈေးတွင်သာ လိုအပ်သော ပစ္စည်းများကိုဝယ်ယူရရှိနိုင်ပါသည်။ရွာတွင်းတွင်အိမ်တွင်းဈေးဆိုင်သာရှိပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☐ ၂☐ ၃☐ ၄☐ ၅√	ကောင်း☐ သင့် ☐ ညံ့ √	ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် ☐

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
				၅-၁၀ မိုင် √ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁ √၂□ ၃□ ၄□ ၅□	ကောင်း □ သင့် □ ညံ့ √	ပွင့်လင်း ရာသီ√ တစ်နှစ်ပတ်လုံး√	၀-၁ မိုင် □ ၁-၅ မိုင် □ ၅-၁၀ မိုင် √ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁√ ၂□ ၃□ ၄□ ၅√	ကောင်း□ သင့် □ ညံ့ √	ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် √ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။လမ်းပမ်းဆက်သွယ်ရေးမှာသွားလာရအဆင်ပြေသော်လည်း ရွာတွင်းလမ်းများမှာမြေသားလမ်းဖြစ်နေသည့်အတွက်မိုးတွင်းကာလတွင်လမ်းပေါ်ရေကျော်ခြင်း၊ ရွံ့ပွက်များဖြစ်ခြင်း ကြောင့်သွားလာရ အခက်အခဲများရှိပါသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ √	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ √	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်၊ပင်လယ်နှင့်မြစ်ချောင်းများ ရှိသော်လည်း ရွာတွင်းနှင့် ဝေးကွာသောကြောင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုခြင်းမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်		၅	၅၃	၁၄၀	၄	၃	၅		

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆိုင်ကယ်၊ ကားများဖြစ် သယ်ယူပို့ဆောင်ရေး အတွက်အသုံးပြုနေကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	
ဆိုလာစနစ်	
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	၁၅၇
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မဟာဓာတ်အားလိုင်းမရှိသော်လည်း ဒီဇယ်သုံးအင်ဂျင်ဖြင့် အသုံးပြုပြီး၊အနည်းစုကသာမီးမသုံးစွဲနိုင်ပြီးဖယောင်းတိုင်မီးများ၊မီးခွက်များလည်းအသုံးပြုနေရ သဖြင့် မီးဘေးအန္တရယ်အတွက်စိုးရိမ်ရပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၄၂	၃၂	၈၈

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ကိုဖုန်း၊တီဗွီစသည်တို့မှရရှိပြီး ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများအထူးတလည်မရှိပေ။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၇	၄၂	၇၉
အလယ်တန်း	၁၀	၂၆	၃၆
အထက်တန်း	၇	၁၁	၁၈
တက္ကသိုလ်/ကောလိပ်	၂	၂	၄

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ပလိုင်ကီးကျေးရွာတွင် အလယ်တန်းအဆင့်ပညာရေးကို သင်ကြားနိုင်ပြီး အထက်တန်းအဆင့်ကို ရေးမြို့နယ်တွင် ဆက်လက်ပညာသင်ယူကြပါသည်။တက္ကသိုလ် တက်နေသည့် ကျောင်းသား/သူများလည်း အနည်းငယ်ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း √	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐

အကြောင်းအရာ	(၁)			(၂)			(၃)		
	အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			အထက်တန်း(ခွဲ) ☐ အထက်တန်း √			အထက်တန်း(ခွဲ) ☐ အထက်တန်း ☐		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် √ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် √ စက်ဘီး √ ဆိုင်ကယ် √ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် √ ကား √			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	(၉၀′ x ၃၀′) (၃ဆောင်)								
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း√ သင့် ☐ ညံ့√			ကောင်း√ သင့်☐ညံ့☐			ကောင်း☐ သင့်☐ ညံ့☐		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်√ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်√ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် √ ညံ့ √ မရှိ ☐			ကောင်း ☐ သင့် √ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်√ တိုက်ကျွေးမှု မရှိပါ☐			တိုက်ကျွေးမှုရှိသည်√ တိုက်ကျွေးမှု မရှိပါ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၁	၁၃	၁၄						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်စာသင်ကျောင်းကျောင်းဆောင်ရှိပြီး ကျောင်းသုံးပရိဘောဂများလည်းလုံလောက်မှုမရှိပါ။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောက	*မြင့်*☐	*နိမ့်*√	*မရှိ*☐
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*√	*မရှိ*☐

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၃	ငှက်ဖျား	မြင့်□	နိမ့် □	မရှိ √
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့် □	မရှိ √
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့် □	မရှိ √
၆	တီဘီ	မြင့်□	နိမ့် √	မရှိ □
၇	ဆီးချို	မြင့်□	နိမ့် √	မရှိ □
၈	သွေးတိုး	မြင့် √	နိမ့် √	မရှိ □
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့် □	နိမ့် √	မရှိ □
၁၀	အာဟာရ ချို့တဲ့မှု	မြင့် □	နိမ့် √	မရှိ □
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့် □	နိမ့် √	မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ရေးမြို့ဆေးရုံနှင့် နီးသောကြောင့် ကျန်းမာရေးအခြေအနေကိုသွားရောက်ကုသရန်လွယ်ကူသဖြင့်ကျန်းမာရေးအတွက်အဆင်ပြေသည်။ကျေးရွာတွင်ဆေးပေးခန်းများမရှိသေးပါ။သို့သော်ကျန်မာရေးဟောပြောပွဲများပြုလုပ်ရန်နှင့်ကျန်းမာရေးဆိုင်ရာအထောက်အပံ့များလိုအပ်ပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဧယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		မရှိ
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	ရှိ	
၃	ပိုလီယိုရောဂါ	ရှိ	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	ရှိ	
၅	ဝက်သက်ရောဂါ	ရှိ	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	ရှိ	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊လက်မောင်းပတ်)		မရှိ
၈	အာဟာရ ပညာပေး အစီအစဉ်	ရှိ	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ပံ့မှန်ကာကွယ်ဆေး များအား

ထိုးပေးလျှက်ရှိပြီး၂၀၁၇ခုနှစ်တွင်ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် √ ၁၀ မိုင်အထက် ☐	ရှိ √ မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ ရေးမြို့နယ်နှင့် နီးပြီးအလွယ်တကူ သွားလာနိုင်သောကြောင့်အရေးပေါ်အခြေအနေတွင် ရေးမြို့နယ်ဆေးရုံကြီးသို့ ပို့ဆောင်ပေးရန် လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများမရှိပေ။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၁၅၇	ကောင်း☐ သင့်√ ညံ့☐	မိုး၊ဆောင်း
အဝီစိတွင်း/ စက်တပ်		ကောင်း☐ သင့်☐ ညံ့☐	
အဝီစိတွင်း/ တုံကင်		ကောင်း☐ သင့်√ ညံ့☐	မိုး၊ဆောင်း
မိုးရေ သိုလှောင်ကန်		ကောင်း☐ သင့်☐ ညံ့☐	
မြစ်/ချောင်းရေ		ကောင်း☐ သင့်☐ ညံ့☐	
ရေကန်		ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေလုံလောက်မှုမရှိပါ။နွေရာသီတွင်လည်း အဆင်ပြေမှု မရှိပါ။နွေရာသီတွင်ရေတွင်းများမှာ ရေခမ်းသဖြင့် နွေရာသီ ရေမလုံလောက်မှု မဖြစ်ပေါ်စေရန် ရေလှောင်ကန်နှင့် ရေပိုက်များ ပြုလုပ်ရန်လိုအပ်နေပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဧယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၅
ရေလောင်း/ယင်လုံအိမ်သာ	၅၂
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဧလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာကိုသာ အသုံးပြုပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဧယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	လက်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်
၃	ရေကြီးခြင်း	မရှိ
၄	မိုးခေါင်ခြင်း	မရှိ
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ
၇	ငလျင်	မရှိ
၈	မီးဘေး	နိမ့်
၉	ဆားငန်ရေဝင်မြေ	လတ်
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ
၁၂	ဌက်ဖျားရောဂါ	မရှိ
၁၃	တီဘီရောဂါ	နိမ့်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	နိမ့်
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	နိမ့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ရာဘာစိုက်ပျိုးရေး (ဥယျာဉ်ခြံ)လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသော်လည်း ဈေးကွက်မတည်မြဲမှု ဈေးနှုန်းကျဆင်းမှုတို့ကြောင့် စိုက် ပျိုးရေးအတွက် ကုန်ကျစရိတ်များပြားပြီး စားနပ်ရိက္ခာဖူလုံမှု အနည်းငယ် လျော့နည်းပါသည်။ ဘေးအန္တရာယ်ကျရောက်မှု၊ ထိခိုက်မှုလတ်တလောတွင် မရှိသော်လည်း ဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အသိပညာပေးလုပ်ဆောင်ရန်နှင့် ထိရောက်လျှင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ကျေးရွာသူ၊ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ရာသီကူးပြောင်းမှုများတွင် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားမှုရှိပြီး၊

ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်း ငယ်တွေ့ရပါသည်။ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	မြေဆီလွှာမကောင်း(နည်းပညာမရှိခြင်း)
အပင်မျိုးစိတ်များ		
ရေအရင်းအမြစ်	လတ်	မြေမျက်နှာပြင်မညီညာခြင်း(မြေအနိမ့်အမြင့် များရှိခြင်း)
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ မြေဆီလွှာအခြေအနေမှာ အသင့်အတင့်သာ ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေ/ချောင်းရေကိုသာ အဓိကထားစိုက်ကြပါ သည်။ မြေမျက်နှာပြင်မှာလည်း အနိမ့်အမြင့်များ ဖြစ်နေသောကြောင့် မြေဆီလွှာများ ပျက်ဆီးမှုအနည်း ငယ်ရှိသည်။ကျေးရွာတွင်သားငါးမွေးမြူခြင်းလုပ်ငန်းမရှိပါ။အပင်မျိုးစိတ်စိုက်ပျိုးခြင်းလည်းမရှိ ပါ။စီးပွားရေးဖြင့် လုပ်ကိုင်ခြင်း မရှိပါ။ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သတ်သည့် ဟောပြောပွဲများ လက်ကမ်းစာစောင်များပြုလုပ်ပေးရန် လိုအပ်ပါသည်။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* √	*မရှိ* □
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ	*ရှိ* √	*မရှိ* □

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
	ပါဝင်ဆောင်ရွက်မှု		

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှု အပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမှာတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။အမျိုးသမီးများ အကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ မရှိစေရန် အသိပေး စာစောင်များ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်ပါသည်။

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)

ကျေးရွာ	- မြို့ဟောင်း
ကျေးရွာအုပ်စု	- **ဒူးယား**
မြို့နယ်	- ရေး
တိုင်းဒေသကြီး /ပြည်နယ်	- မွန်ပြည်နယ်
စီမံချက်အမည် - ကျေးရွာ လမ်းကွန်ကရစ်ခင်းခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • မြေနိုလမ်းဖြစ်သည့်အလျှောက် ပွင့်လင်းရာသီများတွင် သွားလာမှုအသင့်အတင့် လွယ်ကူသော်လည်း မိုးရာသီကာလတွင် ရေအိုင်များ၊ ချိုင့်များ၊ ဗွက်များ ဖြစ်သောကြောင့် သွားလာရာတွင် အခက်အခဲဖြစ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်ထုတ်လုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင်လည်း အလွန်ပင် အခက်ခဲများနှင့် ကြုံတွေ့ရပြီး မွေးလူနာများလည်း မိုးတွင်းကာလတွင် သွားလာရခက်ခဲခြင်းကြောင့် တည်ဆောက်ရန်ဖြစ်သည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	

- လက်ရှိမြေနီလမ်းမှာ ကျန်းမာရေး၊ ပညာရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချောမွေ့စွာ လုပ်ငန်းတိုးတက်ဘာခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။
- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- လက်ရှိအကောင်အထည် ဖော်ပြီးသည့်အခါ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာမှထုန်ကုန်များ၊ ရာသီအလိုက်သီးနှံများသားငါးများကို အချိန်ရာသီမရွေ့ ကူးသန်းရောင်းဝယ်နိုင်ပြီး ပို့ဆောင်ရေးများတွင်လည်း ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ရောင်းဝယ်လုပ်ကိုင်နိုင်ခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- **ကွန်ကရစ်ခင်းခြင်း (၈၀၀ပေ)**
-

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• _____ (ငွေသား)	• ကျေးရွာ
• ---------- (ပစ္စည်း/လုပ်အား)	• ကျေးရွာ
	•

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၀၀	၃၂၇	၆၂၇	၂၀	၂၀	၅၀	၄၄	၁၃၄
အကျိုးခံစားမည့်သူ ဦးရေ	၃၀၀	၃၂၇	၆၂၇	၂၀	၂၀	၅၀	၄၄	၁၃၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၈ ခုနှစ်၊

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၈ ခုနှစ်၊

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- လမ်းတံတားဆောက်လုပ်ရာတွင် လိုအပ်သည့် အထောက်အကူများပါဝင်ကူညီ ထည့်ဝင်ခြင်း။

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- လုပ်သားအင်အားဖြင့် ပါဝင်ကူညီပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်လုပ်ကိုင်ရမည့် အစီအစဉ်များရေးဆွဲခြင်း၊
- လမ်းတံတားနှင့် ပတ်သက်ပြီး ရေရှည်တည်တံ့ရန် ညွှန်ကြားချက်များထားရှိခြင်း၊
- ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် လူထုညှိနှိုင်းတိုင်ပင်ကြပြီး ငွေကြေးများ ထည့်ဝင်ကြပြီး လုပ်ငန်းပြီးစီးပါက စာရင်းအင်းများကို တိကျစွာပေးပို့ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်းလုပ်ဆောင်ခြင်း လုပ်ဆောင်ပါမည်။

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၂)

ကျေးရွာ	- မြို့ဟောင်း
ကျေးရွာအုပ်စု	- ဒူးယားကျေးရွာ
မြို့နယ်	- ရေး
တိုင်းဒေသကြီး /ပြည်နယ်	- မွန်ပြည်နယ်

စီမံချက်အမည် - ကျေးလက်ဆေး–ပေးးခန်းဌာနခွဲတည်ဆောက်ခြင်း။

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ကျေးရွာသည် ပတ်ဝန်းကျင်ဆေးခန်းများဖြစ်သော ရေးမြို့ပြည်သူ့ဆေးရုံနှင့် (၇)မိုင်ခန့်ဝေးခြင်း၊ တောင်ဘုံကျန်းမာရေးဌာနခွဲနှင့် (၂၃)မိုင်ခန့်ဝေးခြင်း၊ ကျေးရွာသည် ဆေးခန်းနှင့်ကားလမ်း(၁၃)မိုင်ခန့်ဝေးခြင်း၊ကျေးရွာနေ ရွာသူရွာဦသား စုစုပေါင်း (၉၀၀)ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ကျေးလက်ဆေးပေးခန်း တည်ဆောက်ရန်ဖြစ်ပါသည်။
- ဆေးပေးခန်းတည်ဆောက်ရန် မြေ(၁၀၀)ပေပတ်လည် အဆင်သင့်ရှိပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာတွင် တောင်ဘုံကျမ်းမာရေးဌာနမှ သားဖွားဆရာမတစ်ဦး ယာယီထားရှိပြီး ရေးမြို့နယ်ဆေးရုံကြီးနှင့် (၇)မိုင်ခန့် ကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း ငွေကြေးမတက်နိုင်သူများအတွက် ကျန်းမာရေးဘက်တွင် ငွေကုန်ကြေးကျ သက်သာစေခြင်း၊ ကျေးကွာလူထုမှ ကျန်းမာရေးပညာ ဗဟုသုတ ပိုမိုကျယ်ပြန့်လာခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် ယုံကြည်အားကိုးစိတ်ဂို့လာစေခြင်းတို့ကြောင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း တည်ဆောက်ရန်လိုအပ်ပါသည်။

မျော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ပြီးစီးပြီးနောက် ငွေကြေးမတတ်နိုင်သူများအတွက် ငွေကုန်ကြေးကျ သက်သာြခင်း၊ ဖျားနာရောဂါများလျှင်မြန်စွာ ကုသလာခြင်း၊ မွေးလူနာများအချိန်မှီ မွေးဖွားနိုင်ခြင်း၊ သက်ကြီးရွယ်အိုများရောဂါကုသရန် အချိန်မှီ ဆေးရုံသို့သွားလာရန်လွယ်ကူစေခြင်း၊ကျန်းမာရေးဗဟုသုတများကြွယ်ဝလာခြင်းတို့ကြောင့် ကျန်းမာရေးမကောင်သူများကို အလွယ်တကူကုသနိုင်သည့် အကျိုးများ ရရှိပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ဆေးပေးခန်းတည်ဆောက်ရန် မြေနေရာအဆင်သင့်ရှိပါသည်၊
- ကျေးရွာရှိ လုပ်သားအားဖြင့်လည်း ပါဝင်ကူညီနိုင်ပါသည်၊
- ကျေးရွာဆေးပေးခန်း တည်ဆောက်ရန် ပေ(၁၀၀)ပတ်လည် ရှိပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • _____ (ငွေသား) • လုပ်အား (ပစ္စည်း/လုပ်အား) •	• ကျန်းမာရေး • ကျေးရွာ • ပလိုင်ကီးကျေးရွာ •
•	•

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၀၀	၃၂၇	၆၂၇	၂၀	၂၀	၅၀	၄၄	၁၃၄
အကျိုးခံစားမည့်သူ ဦးရေ	၃၀၀	၃၂၇	၆၂၇	၂၀	၂၀	၅၀	၄၄	၁၃၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ပလိုင်ကီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၉ ခုနှစ်၊ ဇွန်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ဆေးပေးခန်းတည်ဆောက်ရာတွင် လိုအပ်သည့်မြေ ပေ(၁၀၀)ပတ်လည်ပေးနိုင်ခြင်း၊
- ကျေးရွာမှ လုပ်သားအင်အားဖြင့် ကူညီဆောင်ရွက်ကေပးနိုင်ခြင်း။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်လုပ်ကိုင်ရမည့် အစီအစဉ်များရေးဆွဲခြင်း၊
- ဆေးပေးခန်းနှင့်ပတ်သက်ပြီး ရေရှည်တည်တံ့ခိုင်မြဲရန် ညွှန်ကြားချက်များ ထားရှိခြင်း၊
- ကျေးရွာဖွဲ့ဖြိုးရေးကော်မတီနှင့် လူထုညှိနှိုင်းတိုင်ပင်ပြီး လုပ်ငန်းပြီးစီးပါက စာရင်းများတိကျစွာ ပေးပို့ပါမည်။

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၃)

ကျေးရွာ	- မြို့ဟောင်း
ကျေးရွာအုပ်စု	- **ဒူးယား**
မြို့နယ်	- ရေး
တိုင်းဒေသကြီး /ပြည်နယ်	- မွန်ပြည်နယ်
စီမံချက်အမည် - ကျေးရွာ တောင်ပိုင်းလမ်းကွန်ကရစ်ခင်းခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • မြေနိမ့်ဖြစ်သည့်အလျှောက် ပွင့်လင်းရာသီများတွင် သွားလာမှုအသင့်အတင့် လွယ်ကူသော်လည်း မိုးရာသီကာလတွင် ရေအိုင်များ၊ ချိုင့်များ၊ ဗွက်များ ဖြစ်သောကြောင့် သွားလာရာတွင် အခက်အခဲဖြစ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်ထုတ်လုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင်လည်း အလွန်ပင် အခက်ခဲများနှင့် ကြုံတွေ့ရပြီး မွေးလူနာများလည်း မိုးတွင်းကာလတွင် သွားလာရခက်ခဲခြင်းကြောင့် တည်ဆောက်ရန်ဖြစ်သည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပို့ကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) • လက်ရှိမြေနိမ့်မှာ ကျန်းမာရေး၊ ပညာရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချောမွေ့စွာ လုပ်ငန်းတိုးတက်ဘာခြင်းကြောင့် ပို့မိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။ • မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်။	

မျော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- လက်ရှိအကောင်အထည် ဖော်ပြီးသည့်အခါ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာမှထုန်ကုန်များ၊ ရာသီအလိုက်သီးနှံများသားငါးများကို အချိန်ရာသီမရွေ့ ကူးသန်းရောင်းဝယ်နိုင်ပြီး ပို့ဆောင်ရေးများတွင်လည်း ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ရောင်းဝယ်လုပ်ကိုင်နိုင်ခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- **ကွန်ကရစ်ခင်းခြင်း (၈၀၀မေ)**
-

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• _____ (ငွေသား)	• ကျေးရွာ
• ---------- (ပစ္စည်း/လုပ်အား)	• ကျေးရွာ
	•

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၀၀	၃၂၇	၆၂၇	၂၀	၂၀	၅၀	၄၄	၁၃၄
အကျိုးခံစားမည့်သူ ဦးရေ	၃၀၀	၃၂၇	၆၂၇	၂၀	၂၀	၅၀	၄၄	၁၃၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၂၀ ခုနှစ်၊

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၀ ခုနှစ်၊

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- လမ်းတံတားဆောက်လုပ်ရာတွင် လိုအပ်သည့် အထောက်အကူများပါဝင်ကူညီ ထည့်ဝင်ခြင်း။
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- လုပ်သားအင်အားဖြင့် ပါဝင်ကူညီပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်လုပ်ကိုင်ရမည့် အစီအစဉ်များရေးဆွဲခြင်း၊

- လမ်းတံတားနှင့် ပတ်သက်ပြီး ရေရှည်တည်တံ့ရန် ညွှန်ကြားချက်များထားရှိခြင်း၊
- ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် လူထုညှိနှိုင်းတိုင်ပင်ကြပြီး ငွေကြေးများ ထည့်ဝင်ကြပြီး လုပ်ငန်းပြီးစီးပါက စာရင်းအင်းများကို တိကျစွာပေးပို့ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်းလုပ်ဆောင်ခြင်း လုပ်ဆောင်ပါမည်။

ဒူးယားကျေးရွာ၊ မြို့ဟောင်းကျေးရွာအုပ်စု၊ ကျေးရွာဖွဲ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်	ဦးထိုင်	၁၀/ရမန(နိုင်)၀၆၈၇၄၇	၇၅	ဥက္ကဋ္ဌ	၀၉၂၅၅၇၃၃၁၀၁၆
၂	ဦးသန်း	ဦးကွန်တင်	၁၀/ရမန(နိုင်)၀၅၀၄၈၇	၄၈	အတွင်းရေးမှူး	
၃	ဦးကြီးတောင်	ဦးတင်	၇/သဝတ(နိုင်)၀၀၅၈၃၇	၄၈	ဘဏ္ဍာရေးမှူး	
၄	ဦးစိုးပိုင်	ဦးဝင်းသိန်း	၁၀/ရမန(နိုင်)၁၈၁၇၅၃	၄၁	သော့ကိုင်(၁)	
၅	ဦးရှိန်ရီအောင်	ဦးရှိန်	၁၀/ရမန(နိုင်)၁၂၃၅၈၃	၃၇	သော့ကိုင်(၂)	
၆	ဒေါ်မိုးထက်မိုး	ဦးစိုးဝင်း	၁၀/ရမန(နိုင်)၁၅၇၀၄၇	၂၁	စာရင်းကိုင်	
၇	ဒေါ်သူဇာ	ဦးထွန်းနိုင်	၁၀/ရမန(နိုင်)၂၂၃၅၅၀	၂၀	အဖွဲ့ဝင်	

မြို့ဟောင်းကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**အခြေခံအဆောက်အဦ**					
	• **လမ်းတံတား မကောင်းခြင်း။**	• မြေသားလမ်း ဖြစ်နေခြင်း၊ • သွားလာရခက်ခဲခြင်း • မိုးရာသီတွင်ချိုင့်ခွက်များ ဖြစ်ပေါ်စေခြင်း • လမ်းပေါ်တွင်ရေအိုင်များ ဖြစ်ပေါ်ခြင်း • ငွေကြေး ချို့တဲ့ခြင်း။	• **လုပ်အားဖြင့်ပါဝင်ကူညီနိုင်ခြင်း** • **လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်ပါကပညာရေး၊ ကျန်းမာရေး၊လူမှုရေး၊ စီးပွားရေး ပိုမိုတိုးတက်လာခြင်း။**	• **ငွေကြေးမတတ်နိုင်ခြင်း။**	• **ကျေးရွာလမ်းကော်မတီဖွဲ့စည်းပြီး ကျေး/လက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။**	• ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း
	•ရွာတောင်ပိုင်းလမ်းကွန်ကရစ်ခင်းခြင်း	မြေသားလမ်း ဖြစ်နေခြင်း၊	**လုပ်အားဖြင့်ပါဝင်ကူညီနိုင်ခြင်း**	• **ငွေကြေးမတတ်နိုင်ခြင်း။**	• **ကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။**	ရွာတောင်ပိုင်းလမ်းကွန်ကရစ်ခင်းခြင်း
၂	• **ကျန်းမာရေး**					
	• ကျေးလက်ဆေးပေးခန်းမရှိခြင်း	• ကျေးလက်ဆေးပေးခန်းမရှိခြင်း • တိုက်နယ်ဆေးရုံ၊မြို့နယ်ဆေးရုံများနှင့်သွားလာရန်ခက်ခဲခြင်း။	• ဆေးပေးခန်းမြေနေရာပေ(၁၀၀)ပတ်လည်မြေရှိခြင်း • လုပ်အားပါဝင်နိုင်ခြင်း • ကျန်းမာရေး ပိုမိုတိုးတက်ကောင်းမွန်လာခြင်း။	• ကျေးရွာမှငွေကြေးမတက်နိုင်ခြင်း။ • ကျေးရွာမှသက်ဆိုင်ရာဦးစီးဌာနသို့ထိရောက်စွာတင်ပြနိုင်မှုမရှိခြင်း။	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ချိတ်ဆက်၍လိုအပ်ချက်များ တင်ပြတောင်းဆိုခြင်း၊ • ဆောက်လုပ်ရေးဌာနနှင့် ချိတ်ဆက်ခြင်း။	• ကျန်းမာရေးတိုးတက်ကောင်းမွန်အောင် ကျေးလက်ဆေးပေးခန်းဌာနခွဲဆောက်လုပ်ခြင်း။